အခုလို . . . သူ့အကွက်နဲ့ သူ့အပိုင်းကဏ္ဍနဲ့ စနစ်ကျကျ သင်ပေးထားတဲ့ "ဗုဒ္ဓပညာ" ပါ။ အဲဒါကို သူ့အကြောင်းနဲ့သူ့အကျိုးဆက်စပ်တတ်ဖို့ နည်းပညာတွေကို ရပါပြီ။ မိမိဘ၀အဆင့်မြင့်သည်ထက်မြင့်၍ . . . နိဗ္ဗာန် မဂ်-ဖိုလ်ရောက်အောင် ကြိုးစားနိုင်ကြသော . . . ပုဂ္ဂိုလ်ထူးများဖြစ်ကြပါစေ . . .

သာဓု . . . သာဓု . . . သာဓု



# " ကမ္မသကတာ သမ္မာဒိဋ္ဌိ "

ကျွန်တော်တို့ ဒီကနေ့ (၂၀၀၇) ခုနှစ်၊ ဧပြီလ (၂၇) ရက်၊ သောကြာနေ့၊ ရန်ကုန်မြို့၊ အာဇာနည်လမ်း၊ သာမဏေဗိမာန်တော်မှာ . . . (၂၅) ကြိမ်မြောက် "ဗုဒ္ဓဒေသနာသင်တန်း" ဆက်လက်ပြီး . . . ပို့ချပါမယ်။

ကျွန်တော်တို့ အခုလေ့လာနေတဲ့အကြောင်းအရာဟာ . . . ကျွန်တော်တို့မှာ ရှိနေတဲ့ ခန္ဓာငါးပါး၊ ရုပ်-နာမ်တရား (၂)ပါးတို့နဲ့ တွဲဖက်ပြီး . . . ဖြစ်ပေါ်နေသော "ကံစွမ်းအား" . . . များရှိပါတယ်။ အဲဒီ "ကံစွမ်းအား" ဟာ ဘယ်ပုံဘယ်နည်း ဒီခန္ဓာငါးပါးမှာ တည်ရှိနေတယ် . . . ဘယ်ပုံဘယ်နည်းတိုးပွားနေတယ် . . . ဘယ်ပုံဘယ်နည်း ဒီစွမ်းအားတွေကို အသုံးပြုနေတယ် . . . အဲဒီသဘောကို ကျွန်တော်တို့သေသေချာချာ . . . နှလုံးသွင်း ဆင်ခြင်တတ်ဖို့အတွက် . . . လေ့လာနေတာဖြစ်ပါတယ်။

"စွမ်းအား" ဆိုတဲ့စကားလုံးရှိပါတယ်။ ဗုဒ္ဓဒေသနာမှာတော့ "ရုပ်စွမ်းအား" . . . "နာမ်စွမ်းအား" . . . "ကံစွမ်းအား" . . . သုံးမျိုးရှိပါတယ်။ အဲဒီသုံးမျိုးကို ပိုင်းပိုင်းခြားခြား သိဖို့ လိုအပ်ပါတယ်။

"ရုပ်စွမ်းအား" ဆိုတဲ့သဘောဟာ . . . အထည်ဒြပ်နဲ့ရှိတဲ့ ရုပ်ခန္ဓာ . . . ကိုယ်ကောင်ကြီးက ထွက်ပေါ်လာသော "စွမ်းအား" ဖြစ်ပါတယ်။ အဲဒီ "စွမ်းအား" သဘာ၀ကို သေသေချာချာ နားလည်အောင် စဉ်းစားရပါမယ်။

"ရုပ်ခန္ဓာ" ကြီးမှာ "စွမ်းအား" ရှိပါတယ်။ "ရုပ်ခန္ဓာ" အပြင် "နာမ်ခန္ဓာ" ရှိသေးတယ်။ "နာမ်ခန္ဓာ" မှာလည်း "စွမ်းအား" ရှိပါတယ်။ ရုပ်-နာမ် (၂)ပါးတို့လည်း ပူးတွဲပြီး အလုပ်လုပ်ကြပါတယ်။ အဲဒီအလုပ်ကို "ကမ္မ" လို့ ခေါ်ပါတယ်။ အဲဒီအလုပ်လုပ်၍ ထွက်ပေါ်လာတာတွေလည်း "စွမ်းအား" ပါပဲ။ "ကမ္မစွမ်းအား" . . . ဖြစ်ပါတယ်။

အဲဒီသဘာဝသုံးခုအကြောင်းကို ကွဲကွဲပြားပြားသိဖို့ လိုပါတယ်။

အခုလို အရုပ်ကလေးနဲ့ပြနေတာက သဘောပေါက်ရုံလေးပါ။ သဘာဝအစစ်နဲ့တော့ မတူပါဘူး။ နားလည်ရုံလေးပြရတာဖြစ်ပါတယ်။ ခန္ဓာငါးပါးရှိနေတဲ့ လူသတ္တဝါရဲ့ဘေးမှာ. . . "ကံစွမ်းအား" . . . အဆောက်အဦက ဝန်းရံနေပါတယ်။

ကံစွမ်းအား အဆောက်အဦဆိုတာကို . . . ခုခေတ်စကားအရ . . . "ကမ္မ" . . . သူကစွမ်းအားဖြစ်ရင် . . . KAMMA ENERGY လို့ ပြောပါတယ်။

အဖွဲ့ကို FIELD လို့ခေါ်ပါတယ်။ ဒါကြောင့် "KAMMA ENERGY FIELD" လို့ ခေါ်ပါတယ်။ အဲဒါဟာ "ကံစွမ်းအား၏နယ်" ဖြစ်ပါတယ်။ အဲဒီဟာကို ပါဠိလို . . .

KAMMA = ကမ္မ

ENERGY FIELD = ခေတ္တ

အဲဒီဟာကြီးကို ဉာဏ်ကအာရုံယူပြီး စဉ်းစားနိုင်အောင် ရေးပြနေတာဖြစ်ပါတယ်။ ENERGY ဆိုတာဟာ "စွမ်းအား" ပါ။ အခုအရေးကြီးနေတာက . . . "ကံစွမ်းအား" ကို သိဖို့ပါ။ "ကံစွမ်းအား" ကို ENERGY FIELD လို့ ခေါ်ပါမယ်။ KAMMA ENERGY FIELD . . . ပါ။

အဲဒီ FIELD ကြီးက ။ အဲဒီ စွမ်းအားကြီးက . . . အမြဲထွက်နေရပါတယ်။ အဲဒီလို ထွက်လာအောင်နှုတ်ကပြောရပါတယ်။ ကိုယ်က လုပ်ရပါတယ်။ "ကာယကံ" နဲ့ "ဝစီကံ" တွေက . . . "ကံစွမ်းအား" ကြီးကို ဖြည့်ပေးနေပါ တယ်။

သို့သော် . . . အဲဒီ "ကာယကံ" နဲ့ "ဝစီကံ" တို့ဖြစ်ဖို့ "အဓိက" က . . . "မနောကံ" ဖြစ်ပါတယ်။ အဲဒီ "မနောကံ" က ဦးဆောင်ပြီးတော့ "ခေတ္တ" ခေါ်တဲ့ "နယ်မြေ" ကြီးကို အမြဲတန်းအားဖြည့်ပေးနေပါတယ်။ ဒီ "နယ်မြေ" ကြီးလို့ခေါ်ရတဲ့ "ကံစွမ်းအား" ကြီးက. . . အမြဲတန်းအားတွေ အသစ်၊ အသစ်ရနေပါတယ်။



အဲဒီ "အယူဝါဒ" ကို အခု "ဉာဏ်ပညာ" နဲ့ဖြေရှင်းပေးပါတယ်။ အဲဒီဉာဏ်ပညာက "ကမ္မသကတာ" ပညာဖြစ်ပါတယ်။ အဲဒီအယူက . . . "ကမ္မသကတာသမ္မာဒိဋ္ဌိ" ဖြစ်ပါတယ်။

အဲဒီလို . . . အားကိုးရာဆိုပြီး မျှော်မှန်းနေတဲ့ . . . "ဖန်ဆင်းရှင်" ဆိုတဲ့ အယူဝါဒ ကိုလည်း ဖယ်ရှားပေးပါတယ်။ "ဖန်ဆင်းရှင်" က ဖန်ဆင်းတာမဟုတ်ပါ။ "ကံစွမ်းအား"ကသာ ဖန်ဆင်းတာပါ။ အဲဒီ "ကံစွမ်းအား" တွေကို ဒီခန္ဓာငါးပါး" ကပဲ လုပ်ပေးပါတယ်။ ပစ္စုပ္ပန် ခန္ဓာငါးပါးက လုပ်တာတင်မကပါဘူး . . . အတိတ်ဘဝပေါင်းများစွာ ခန္ဓာငါးပါးက လုပ်ခဲ့တဲ့ "ကံစွမ်းအား" တွေကလည်း . . . ဒီနေ့အထိ . . . အကျိုးမပေးရသေးသမျှ ဝန်းရံပြီးတော့ . . . စောင့်နေပါတယ်။

ဒီအကြောင်းအရာတွေကို နှလုံးသွင်းတတ်၊ ဆင်ခြင်တတ်အောင် ကြိုးစားပါ။ ဒီသံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းအောင် ထွက်မြောက်ဖို့သည် . . . ဒီသဘာဝတွေကို အဟုတ်တကယ်သိမှ ဖြစ်ပါမယ်။ ဒီသဘာဝတွေကိုမှ မသိရင် . . . သံသရာမှထွက်ကြောင်း ဖြစ်သောတရားကို . . . ရှာဖို့လွယ်မယ်မဟုတ်ပါဘူး။

ဒီတော့ . . . ကျွန်တော်တို့တတွေ . . . ဒီပညာမျိုးရတာဟာ . . . "သမ္မာသမ္ဗုဒ္ဓ" က သေသေချာချာ . . . ရှင်းလင်းဖော်ပြခဲ့လို့ရတာ ဖြစ်ပါတယ်။ ဒီအနက်အဓိပ္ပာယ်တွေကို သိမှ . . . "သမ္မာသမ္ဗုဒ္ဓ" ၏ ကြီးမားသော ဉာဏ်တော်ကိုလည်း ခန့်မှန်းနိုင်ပါမယ်။ ဘုရားရှင်၏ ဉာဏ်တော်တွေကိုသိမှ . . . ဘုရားရှင်၏ "ဂုဏ်တော်" ကိုလည်း သိပါတယ်။

သံသရာမှထွက်ကြောင်းနည်းပညာကိုပေးတဲ့အတွက် . . . ကျေးဇူးလည်းကြီးပါတယ်။ ဒါမှကျေးဇူးတော်ကိုလည်းသိပါတယ်။ ဂုဏ်တော်၊ ကျေးဇူးတော် . . . ကိုသိရင် . . . သိပြီးတော့ ကြည်ညိုတဲ့စိတ်တွေဟာ . . . အမြဲတမ်းကုသိုလ်တွေတိုးပွားနေပါတယ်။ အဲဒါကြောင့် . . . ကျွန်တော်တို့တတွေ . . . အခုရရှိထားတဲ့ သုတပညာတွေကို . . . ကိုယ်ပိုင်ဉာဏ်နဲ့ သေသေချာချာ . . . စဉ်းစားပါ။

အဲဒီသဘောတွေကို သေသေချာချာစဉ်းစားဆင်ခြင်ပြီးတော့ . . . "ကံ" ဆိုတာဟာ ဒီခန္ဓာငါးပါးမှာ ဝန်းရံနေရုံတင်မကပါဘူး . . . သူက စိုးမိုးချုပ်ကိုင်နေပါတယ်။ ဒါကြောင့်မို့လို့ . . . "ကမ္မသကတာ" လို့ ပြောပါတယ်။ မြန်မာလိုကျတော့ . . . "ကံသာလျှင်အမိ၊ ကံသာလျှင်အဖ" . . . ဖြစ်ပါတယ်။

သဘောက . . . အမိ၊ အဖ ထက်ကို သူက . . . "စွမ်းအား" ကြီးပါတယ်။ ပစ္စုပ္ပန်မှာလည်း သူလုပ်ပါတယ်။ နောက်ဘဝကိုလည်း သူဆက်ပြီး ဖန်တီးပါမယ်။ ဘဝ . . . ဘဝ တွေကို ဖန်တီးအုံးမှာ ဖြစ်ပါတယ်။

အတိတ်က ဘဝ . . . ဘဝ . . . တွေကို ဖန်တီးခဲ့တာလည်း "ကံ" ပါပဲ။ ပစ္စုပ္ပန်ဘဝကို ဖန်တီးခဲ့တာလည်း "ကံ" ပါပဲ။ သေသွားပြီးတဲ့နောက် . . . များစွာသောဘဝတွေကို ဖန်တီးမှာလည်း . . . "ကံ" ပါပဲ။

သို့သော် သိရမယ့်အချက်က . . . ဒီပစ္စုပ္ပန်မှာ တကယ်လုပ်နေတဲ့ "မနောကမ္မ" ထဲမှာပါတဲ့ "စေတနာ" တွေဟာ "ကံစွမ်းအား" ကို ထုတ်ဖော်ပေးတာဖြစ်တယ်။ "စေတနာ" ဆိုတာဟာ "နာမ်စွမ်းအား" ဖြစ်ပါတယ်။ အလုပ်ကြောင့်ထွက်ပေါ်လာတာက "ကံစွမ်းအား" . . . ဖြစ်ပါတယ်။ အဲဒါဟာ သဘာဝတရားတွေပါပဲ။

သေသေချာချာစဉ်းစားပါ။ ဒီဉာဏ်တွေရမှ . . . "ကမ္မသကတာသမ္မာဒိဋ္ဌိ" ဆိုသော . . . အမြင်မှန်၊ အယူမှန် ဖြစ်ပါတယ်။

ဒါဟာ . . . ဘာကိုဖယ်တာလဲဆိုရင် . . . ဒီလောကတစ်ခုလုံးမှာ လွှမ်းမိုးနေတဲ့ . . . ဘာသာခြားတွေဟာ . . . အရာရာ ဘုရားသခင်ဖန်ဆင်း၍ . . . လူတွေဖြစ်တယ်လို့ ခံယူထားတဲ့ . . . "အယူ" ရှိနေပါတယ်။ ဘုရားသခင်ကို ကြောက်ရွံ့ရတယ်။ ရိုသေရတယ်။ ဘုရားသခင်ကလုပ်ပေးလို့ "လူ" ဖြစ်လာတာလို့ . . . စွဲမြဲနေတဲ့ "ဒိဋ္ဌိ" ဆိုတဲ့ "အယူဝါဒ" ရှိနေကြပါတယ်။



မနောကမ္မ . . . စိတ်နဲ့ဆောင်ရွက်သောအလုပ်
ဝစီကမ္မ . . . နှုတ်နဲ့ဆောင်ရွက်သောအလုပ်
ကာယကမ္မ . . . ကိုယ်နဲ့ဆောင်ရွက်သောအလုပ်

ဆိုတဲ့ . . . အဲဒီသုံးပါးက . . . ဒီ "ကံအဆောက်အအုံ" ကြီးကို အမြဲတန်းအားဖြည့်ပေးနေရပါတယ်။ အဲဒီ "ကံအဆောက်အအုံ" ကြီးက စဉ်ဆက်မပြတ်ထောက်ပံ့ပေးနေပါတယ်။ သူက "နာမ်ခန္ဓာ" ကို ထောက်ပံ့ပေးပါတယ်။ "ရုပ်ခန္ဓာ" ကိုလည်း ထောက်ပံ့ပေးပါတယ်။

အခုလို ပြောနေတဲ့စကားတွေကို ကြားနေရခြင်းသည် (ကြားခြင်းသည်) . . . "သောတဝိညာဉ်" ခေါ်ပါတယ်။ "သောတဝိညာဉ်" ခေါ်သော "ကြားခြင်း" ထဲမှာပါတဲ့ "စိတ်"၊ "ကြားကိစ္စ" ကို ဆောင်ရွက်သော "စိတ်" ထွက်ပေါ်နေရခြင်းဟာ . . . အခုပြောတဲ့ "ကံစွမ်းအား" ကြောင့် ထွက်ပေါ်ရခြင်းဖြစ်ပါတယ်။

အဲဒီ "ကံစွမ်းအား" က "ကြားကိစ္စ" ကို ဖြစ်အောင် ထောက်ပံ့ပေးနေပါတယ်။ ထို့အတူပဲ "မြင်ကိစ္စ" ဖြစ်အောင် . . . "မျက်စိ" မှာ ထောက်ပံ့ပေးနေပါတယ်။

အဲဒီမှာ . . . "ကြားစိတ်" . . . "မြင်စိတ်" တို့က နာမ်သဘာဝဖြစ်ပါတယ်။ "မျက်စိအကြည်" "နားအကြည်" တို့မှာဖြစ်သော "အကြည်ရုပ်" များကို . . . "ကံစွမ်းအား" က ထောက်ပံ့ပေးနေပါတယ်။ ဒီ "အကြည်ရုပ်" များကို "ကမ္မဇရုပ်" လို့ ခေါ်ပါတယ်။

"ကြားစိတ်" . . . "မြင်စိတ်" များကို "ဝိပါက ဝိညာဏ" လို့ ခေါ်ပါတယ်။ အဲဒါဟာ "ကံစွမ်းအား" တွေကို စဉ်ဆက်မပြတ် အသုံးပြုနေတာဖြစ်ပါတယ်။ အဲဒါတင်မကပါဘူး. . . "နာမ်နဲ့ရုပ်" (၂)ပါးတို့နဲ့ တည်ဆောက်ထားတဲ့ ဒီခန္ဓာကိုယ်ကြီးအတွက် . . . စားစရာ၊ ဝတ်စရာ၊ နေစရာ၊ သုံးစရာ၊ ရွှေ-ငွေ အစရှိသည့်ပစ္စည်း . . . အသုံးအဆောင်တွေကို မိမိဉာဏ်အား ဝီရိယအား စိုက်ထုတ်တာထက် ပိုမိုပြီး ရရှိလာအောင် ထောက်ပံ့ပေးတာကလည်း "ကံစွမ်းအား" ပဲ ဖြစ်ပါတယ်။

အဲဒီလို ထောက်ပံ့ပေးတဲ့ကံကို "ဥပတ္ထမ္ဘကကံ" လို့ ခေါ်ပါတယ်။ နာမ်-ရုပ် (၂)ပါးကို အသစ် . . . အသစ် ဖြစ်အောင် လုပ်ပေးနေတာက "ဇနကကံ" ဖြစ်ပါတယ်။ အဲဒီသဘာဝ တရားတွေကိုမြင်မှ "ကံစွမ်းအား" ဆိုသော သဘာဝအဆောက်အအုံကြီး တကယ်အလုပ်လုပ် နေတာကို သဘောပေါက်ပါမယ်။ အခုလို ပစ္စုပ္ပန်တည့်တည့် အသက်ရှင်နေသောအချိန်တွင် "ခန္ဓာငါးပါးနှင့်ကံ" အဆောက်အအုံကြီးတို့ ဆက်သွယ်နေတာဖြစ်ပါတယ်။

ဒီခန္ဓာငါးပါးချုပ်သွားပါပြီ . . . ဒီအခါ . . . ရုပ်-နာမ် (၂)ပါးက သူ့ဘဝတစ်ခု အဆုံးသတ်သွားပါပြီ။ အဲဒီဘဝတစ်ခုအဆုံးသတ်သော်လည်း . . . "ကံစွမ်းအား" အဆောက်အအုံကြီးက ရှိနေပါတယ်။

အဲဒီ FIELD ခေါ်တဲ့ "ခေတ္တ" ကြီးက ရှိနေတဲ့အတွက် . . . ချက်ချင်းပဲ . . . "နာမ်ဗီဇ၊ ရုပ်ဗီဇ" အသစ်ကို တည်ပေးရပါတယ်။

"ကံစွမ်းအား" ကြီး တည်ထားတာကို "ခေတ္တ" လို့ ပြောပါတယ်။ အခု . . . ပေါ်လာ တဲ့ဟာလေးက . . . "နာမ်ဗီဇ" ဖြစ်ပါတယ်။ "ခေတ္တ" ခေါ်တဲ့ "ကံစွမ်းအား" ရဲ့ အရှိန်အဟုန် ကြောင့် "ရုပ်မျိုးစေ့နဲ့ နာမ်မျိုးစေ့" အသစ်တို့ ဖြစ်ပေါ်လာရပါတယ်။ "ကံစွမ်းအား" က တည်ပေးတာကို . . . "ဇနကကံစွမ်းအား" လို့ ခေါ်ပါတယ်။

ရုပ်ခန္ဓာ နဲ့ နာမ်ခန္ဓာ (၂)ပါးတို့ ဆက်ပြီးတော့ မျိုးစေ့သဘောအတိုင်း ကြီးပွားအောင် အလုပ်လုပ်ကြပါတယ်။ လုပ်တဲ့အခါမှာ . . . ဒီ FIELD ခေါ်တဲ့အားကြီးက . . . ဆက်၍ ထောက်ပံ့ပေးနေပါတယ်။ အဲဒီသဘောကို သေသေချာချာသိဖို့ သင်ပေးနေရခြင်းဖြစ်ပါတယ်။

မျက်စိကောင်းဖို့၊ နားကောင်းဖို့၊ ကြားဖို့၊ မြင်ဖို့တွေကိုလည်း ဒီကံစွမ်းအားကပဲ လုပ်ပေးပါတယ်။ စီးပွားဥစ္စာပေါဖို့၊ အခြံအရံပေါဖို့၊ ဂုဏ်သတင်းကျော်ကြားဖို့၊ ချမ်းသာဖို့ . . . အတွက်လည်း ဒီ "ကံစွမ်းအား" ကပဲ လုပ်ပေးပါတယ်။



မှာ . . . "ကံစွမ်းအား" နဲ့ ဆက်နေပါတယ်။ ဒီ "ကံစွမ်းအား" တွေက အကျိုးမပေးရမချင်း ရှိနေပါတယ်။

ဒီ "ရုပ်-နာမ်" (၂)ပါးကတော့ . . . ဘဝတစ်ခုမှာ . . . တစ်တွဲဖြစ်ပါတယ်။ "ရုပ်-နာမ်" တွဲပြီး အလုပ်လုပ်ပါတယ်။ ရုပ်-နာမ်တိုင်း . . . ရုပ်-နာမ်တိုင်းက . . . ဘဝတိုင်း . . . ဘဝတိုင်း က လုပ်ခဲ့တဲ့ "ကံ" တွေ "ဇောစိတ်" တွေ . . . သူတို့အထဲပါတဲ့ "စေတနာ"တွေ . . . ဖြစ်ပါတယ်။ အဲဒီ "စေတနာ" တွေနဲ့ထုတ်လုပ်ထားတဲ့ "ကံစွမ်းအား" တွေဖြစ်ပါတယ်။ အဲဒီ "ကံစွမ်းအား" တွေထဲက သုံးစရာရှိတာတွေသုံးသော်လည်း . . . ကျန်တာတွေက ရှိနေ ပါသေးတယ်။

ကျန်နေတဲ့ စွမ်းအားတွေက အလကားမဖြစ်ပဲ . . . စုဝေးပြီးတော့ လိုက်ပါလာပါ တယ်။ လိုက်ပါလာတဲ့ ကံအဆောက်အအုံကြီးက . . . ဘဝအသစ်ဖြစ်အောင်တည်ပေးလိုက် ပါတယ်။ "ကံစွမ်းအား" က . . . "ရုပ်-နာမ်" ကို တည်ပေးတာဖြစ်ပါတယ်။ "ရုပ်-နာမ်" ဖြစ်လာတော့လည်း ဒီ "ရုပ်-နာမ်" ကို ဆက်လက်ကြီးပွားလာအောင်လည်း စောင့်ရှောက် ပေးပါတယ်။

ပြီးတော့ . . . ဒီ ရုပ်-နာမ် က အသုံးပြုရမယ့် ဝတ္ထုပစ္စည်းအမျိုးမျိုး . . . ကိုလည်း ထောက်ပံ့ပေးပါတယ်။ စားစရာ၊ ဝတ်စရာ၊ နေစရာများ ထောက်ပံ့ပေးပါတယ်။

အဲဒီလို ဆက်သွယ်နေတဲ့သဘောဟာ . . . "ကံစွမ်းအား" ရဲ့သဘောဖြစ်ပါတယ်။ ဒါဟာ "ကမ္မသကတာသမ္မာဒိဋ္ဌိဉာဏ်" ဖြစ်ပါတယ်။ ဒါကိုသိရပါမယ်။ အခုရရှိနေသော အကျိုးတရားများဟာ . . . ပစ္စုပ္ပန်ဘဝမှာ မိမိလုပ်ထားသော ကံတို့၏ စွမ်းအား . . . လည်း ပါတယ်။ အတိတ်ကပ်ရက်ဘဝကပြုခဲ့သော "ကံစွမ်းအား" တွေလည်းပါတယ်။ အတိတ် ဘဝ . . . ဘဝ . . . တွေကလုပ်ခဲ့သော ကံစွမ်းအားတွေလည်း ပါပါတယ်။

အဲဒီသဘာဝတွေကို ဉာဏ်နဲ့ဆင်ခြင်မှ "ကံ" ၏သဘောကိုသိမှာဖြစ်ပါတယ်။ "ကံ" ၏သဘောကိုသိမှ "ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ်" ရမှာပါ။ အခု ဒီအကြောင်းတွေကို. . . အချိန်များများယူပြီး ပြောနေရပါတယ်။ "ဗုဒ္ဓဒေသနာ" မှာပါဝင်တဲ့ "ကံ" . . . "ကံ"လို့ ပြောနေကြတဲ့ "ဓမ္မသဘာဝ" တွေ တကယ်အဟုတ်အလုပ်လုပ်နေတာကို . . . သဘောပေါက်ပါပြီ။

ပြန်ကြည့်ရရင် . . . ဟောဒီအတိတ်ဘဝတွေက "ဘဝပေါင်း" များစွာရှိခဲ့ပါတယ်။ အဲဒီဘဝပေါင်းများစွာမှာလည်း အလုပ်တွေလုပ်ခဲ့ပါတယ်။ ဒီလိုလုပ်ခဲ့တဲ့ "ကံစွမ်းအား" တွေ . . . ဇောတွေ . . . စေတနာတွေ . . . ရှိခဲ့ပါတယ်။ အဲဒါတွေဟာ အကျိုးမပေးရသေးသမျှ ဒီခန္ဓာငါးပါးမှာပဲ စုဝေးပြီးနေနေကြပါတယ်။ အကျိုးပေးပြီးမှ ကုန်ဆုံးသွားပါတယ်။ အကျိုးမပေးရမချင်း သူတို့ကလိုက်ပါနေမှာ ဖြစ်ပါတယ်။

အဲဒီတော့ . . . ဒီကံအဆောက်အအုံကြီးဘယ်လောက်ကြီးတယ်ဆိုတာကို . . . ဘယ်လိုတွက်ရမှာလဲဆိုရင် . . . အခုပစ္စုပ္ပန်မှာလုပ်ထားတဲ့ "ကံအား" တင်မကပါဘူး၊ အတိတ်ဘဝပေါင်းများစွာကလုပ်ခဲ့သော . . . "ကံအား" တွေကလည်း . . . ဒီကံအဆောက်အအုံကြီးထဲမှာ . . . စုဝေးနေပါတယ်။ အဲဒါရဲ့အကျိုးတွေကိုလည်း ခံစားနေရပါတယ်။

အဲဒီထဲမှာ "ကုလသကမ္မ" တွေပါသလို အကုသလကမ္မတွေလည်း ပါပါတယ်။ အဲဒီအကုသလကမ္မရဲ့ အကျိုးတွေကလည်း သူတို့အလှည့်ကျလို့ အကုသိုလ်အကျိုးပေးပြီးဆိုရင်လည်း ခံရပါတယ်။ အဲဒီသဘောတွေကို သေသေချာချာ နှလုံးသွင်းဆင်ခြင်ဖို့လိုပါတယ်။ ဒါမှ "ကမ္မသကတာသမ္မဒိဋ္ဌိ" ၏အဓိပ္ပာယ်ကို သိပါမယ်။

ဒါတွေသိမှ ဘဝအကြောင်းကိုသိမယ်၊ အခုလို ဘဝတွေအဆက်ဆက်လာခဲ့ရတာကို သိလာပါတယ်။ ဒီဘဝအဆက်ဆက်ကို "သံသရာ" လို့ ခေါ်ပါတယ်။ အခု . . . "သံသရာ"



အရာရာမှာ ဒီခန္ဓာငါးပါးကို . . . ကံအားကပဲချုပ်ကိုင်နေတာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ "ကမ္မသက" လို့ ခေါ်ပါတယ်။ "သက" ဆိုတာဟာ . . . ဒီခန္ဓာငါးပါးကို "ကံအား" က ချုပ်ကိုင်ထားပါတယ်။

အဲဒါကြောင့်မို့လို့ . . . "ကမ္မသက" လို့ ခေါ်ပါတယ်။ အဲဒီ "သက" နောက်က . . . "တာ" ကို ထည့်ပေးလိုက်တော့ . . . ချုပ်ကိုင်ခြင်းသဘော . . . "ကမ္မသကတာ" လို့ ဖြစ်လာပါတယ်။

ဒီ "ကမ္မသကတာ" ဆိုတာဟာ . . . ဘယ်သူကပိုင်ဆိုင်နေတာလဲဆိုရင် . . . "ကံ" က "ရုပ်-နာမ်" (၂)ပါးကို ပိုင်ထားတာဖြစ်ပါတယ်။ အဲဒီသဘောကိုပဲ "ကမ္မသကတာ" လို့ ခေါ်ပါတယ်။ အဲဒီအမြင်၊ အဲဒီအသိ၊ အဲဒီအမြင်၊ အဲဒီအယူ . . . ဒါဟာ သဘာဝမှန်ကန်သော အသိ၊ အမြင် ဖြစ်ပါတယ်။ အဲဒီမှာ . . . မှန်ကန်တာကို "သမ္မာ" လို့ ခေါ်ပါတယ်။ အယူကို "ဒိဋ္ဌိ" လို့ ခေါ်ပါတယ်။

ဒါကြောင့် မှန်ကန်သောအယူ . . . "သမ္မဒိဋ္ဌိ" ဖြစ်ပါတယ်။ ဒီတော့ . . . "ကမ္မသကတာသမ္မာဒိဋ္ဌိ" . . . ဖြစ်လာပါတယ်။ "သက" ဆိုတာ "ကိုယ်ပိုင်" လို့ အဓိပ္ပာယ်ရပါတယ်။ ကံကပိုင်ထားတာကို "ကမ္မသကတာသမ္မာဒိဋ္ဌိ" လို့ ခေါ်ပါတယ်။ "သမ္မာဒိဋ္ဌိ" ဆိုတာက အမြင်မှန်လို အဓိပ္ပာယ်ရပါတယ်။

" ကမ္မံ ခေတ္တံ "

" ဝိညာဏံ ဗီဇံ "

ဝိညာဏံ ဗီဇံ ဆိုတာ . . . ဒီ "နာမ်ဗီဇ" လေးဟာ "ကမ္မ" အဆောက်အအုံထဲမှာ ပေါ်လာပါတယ်။ ရှေ့ဘဝက ရုပ်-နာမ် (၂)ပါးချုပ်လို့ ဘဝအသစ်ကိုဖြစ်အောင် တည်ပေးလိုက်တဲ့ "ဝိညာဏ ဗီဇ" . . . ဖြစ်ပါတယ်။ အဲဒါကိုပဲ . . . "ဝိညာဏံ ဗီဇံ" လို့ ပြောပါတယ်။

ကံအဆောက်အအုံကြီးကို "ကမ္မ ခေတ္တံ" လို့ ခေါ်ပါတယ်။ အဲဒီသဘာဝကို သေသေချာချာ ဉာဏ်နဲ့ဆင်ခြင်နိုင်ဖို့ လိုပါတယ်။ အဲဒီလိုသိတာကို . . . "ကမ္မသကတာ သမ္မာဒိဋ္ဌိ" လို့ ခေါ်ပါတယ်။ အဲဒါဟာ "ကံ" နှင့်ပတ်သက်၍ မှန်ကန်စွာသိမြင်သောအယူ ဖြစ်ပါတယ်။

အဲဒီရှိထားတဲ့ "ကံစွမ်းအား" တွေကလည်း စဉ်ဆက်မပြတ် . . . ထောက်ပံ့ပေးနေပါတယ်။ ထောက်ပံ့တယ်ဆိုတာဟာ သူ့အသုံးပြုနေတာကိုပြောတာပါ။ ကံအားတွေက . . . ဘာတွေနဲ့သုံးနေတာလဲဆိုရင် . . .

နာမ်ခန္ဓာကိုလည်းပဲ "သိစိတ်" "မြင်စိတ်" တွေဖြစ်အောင် . . . "ရုပ်ခန္ဓာ" ကိုလည်း "စက္ခုအကြည်" "သောတအကြည်" တွေဖြစ်အောင် . . . သုံးစွဲစရာ စီးပွားဥစ္စာ . . . အပေါင်းအသင်း၊ ကျော်ကြားခြင်း၊ ချမ်းသာခြင်း၊ စသည်တို့ကို "ကံစွမ်းအား" က လုပ်ဆောင်ပေးနေပါတယ်။

အဲဒါတွေရဲ့ပြောင်းပြန်ဖြစ်အောင်လည်း လုပ်ပါတယ်။ စီးပွားဥစ္စာတိုးအောင်လုပ်မယ့် အစားလျော့အောင်လုပ်တယ်။ အပေါင်းအသင်းမိတ်ဆွေလျော့အောင်လည်း လုပ်တယ်။ ကောင်းသောဂုဏ်သတင်းမဖြစ်ပဲ . . . မကောင်းသောဂုဏ်သတင်းဖြစ်အောင်လည်း လုပ်တယ်။ ဆင်းရဲနေတာလည်းရှိတယ်။ အဲဒီလိုဖြစ်အောင် ဒီကံစွမ်းအားကပဲလုပ်တယ်။ ကံစွမ်းအားတွေထဲက "အကုသလကမ္မ" ဖြစ်သော "ဥပပီဠကကံ" က လုပ်တာ ဖြစ်ပါတယ်။

အထောက်အပံ့ပေးသောကံကို "ဥပတ္ထမ္ဘကကံ" လို့ ခေါ်ပါတယ်။ ရုပ်အသစ်-နာမ်အသစ် တည်ပေးတာကိုတော့ "ဇနကကံ" လို့ ခေါ်ပါတယ်။ အဲဒီအသုံးအနှုန်းနဲ့ . . . အဓိပ္ပာယ်တွေကို သေသေချာချာ . . . ပိုင်းပိုင်းခြားခြားသိအောင်လုပ်ပါ။ သိပြီဆိုရင် . . . ဒီပညာရပ်ကြီးကို နားလည်လာပါပြီ။ ဒါဟာ "ပညာ" ဖြစ်ပါတယ်။ ဘုရားရှင်ဟောကြားသော



နိုင်ဖို့အတွက် သင်ယူနေပါတယ်။ ကံပြုတဲ့အချိန်မှာ. . . ဖြစ်သော "ဇော" တို့၏စေတနာ ပေါ်မှာတည်၍ . . . စွမ်းအားတွေ အမျိုးမျိုးဖြစ်ကြပါတယ်။ ဒါဟာ . . . "ကမ္မသကတာ သမ္မာဒိဋ္ဌိ" ၏အဓိပ္ပာယ်ကို . . . သိရှိနိုင်ဖို့ . . . ဆွေးနွေးပေးရခြင်းဖြစ်ပါတယ်။

"ကံ" ၏ စွမ်းအားဟာ . . . သူ့အချိန်သူ့ကာလမှ သူကပေးပါတယ်။ လုပ်ခဲ့တဲ့ အနေအထားအလိုက် . . . အကျိုးပေးကြပါတယ်။

"ကံစွမ်းအား" ၏ သဘာဝဟာ ဒီခန္ဓာငါးပါးမှာ ဝန်းရံနေပါတယ်။ ဒီဝန်းရံနေတဲ့ "ကံစွမ်းအား" တွေထဲမှာ . . . ဒီဘဝမရောက်ခင် . . . သေခဲ့တဲ့ကပ်ရက်ဘဝတုံးက "ကံ" အားတွေကလည်း . . . ဒီထဲမှာပါပါတယ်။

ဟိုးအတိတ်ဘဝ . . . ဘဝ . . . တွေက ပြုခဲ့တဲ့ "ကံ" အားတွေကလည်း ဒီထဲမှာ (ကံအဆောက်အအုံ) ပါတယ်။ အဲဒါတွေအားလုံးထဲက ပစ္စုပ္ပန်မှာ . . . အကျိုးပေးရမယ့် ကံတွေက ဒီပစ္စုပ္ပန်မှာပဲ ပေးမယ်။

သို့သော် ပစ္စုပ္ပန်မှာပေးတယ်ဆိုတာ . . . ဒီဘဝမှာလုပ်ပြီး ဒီဘဝမှာပေးတဲ့ကံပါ။ ဒုတိယဘဝကလုပ်ခဲ့ပြီး ဒီဘဝမှာပေးမယ့်ကံဆိုတာက . . . သတ္တမဇောစေတနာနဲ့ အတိတ်ဘဝကလုပ်ခဲ့၍ . . . ဒီဘဝမှာလာပြီးပေးတဲ့ကံ ဖြစ်ပါတယ်။

ဟိုးအတိတ်ဘဝ . . . ဘဝ . . . ကတည်းကလုပ်ခဲ့တဲ့ အလယ်ဇော (၅)ချက်ရဲ့ စေတနာက . . . ဒီပစ္စုပ္ပန်မှာလာပြီး အကျိုးပေးပါမယ်။

ဒီပစ္စုပ္ပန်မှာ . . . မိမိတို့ခံစားနေရသော ကံ၏အကျိုး "ဝိပါက" များဟာ . . . ပစ္စုပ္ပန်ဘဝမှာ လုပ်ထားသော "ကံ" ကိုလည်း ခံစားရတယ်။ ကပ်ရက်အတိတ်ဘဝကလုပ်ခဲ့တဲ့ ကံကိုလည်း ခံစားရတယ်။ အတိတ် . . . တတိယဘဝ . . . စတုတ္ထဘဝ . . . ဘဝ . . . ဘဝ . . . တွေက ပြုခဲ့သော ကံများ၏အကျိုးကိုလည်း ပစ္စုပ္ပန်မှာ ခံစားရပါတယ်။

အဲဒီတော့ အကြောင်းတရားဖြစ်သော “ကမ္မ” နှင့် အကျိုးတရားဖြစ်သော “ဝိပါက” တို့ ဆက်သွယ်ရာမှာ အချိန်ကာလနှင့် ပိုင်းခြား၍ . . . တွက်ချက်ခြင်း (အလုပ်လုပ်ခြင်း) ကို . . . ရှင်းပြနေတာဖြစ်ပါတယ်။ ကိစ္စတစ်ခုလုပ်ရင် . . . “ကာယကံ၊ ဝစီကံ၊ မနောကံ” သုံးပါးစလုံးမှာ . . . ဇော (၇)ကြိမ် အလုပ်လုပ်ပါတယ်။ ဇော (၇)ကြိမ်မှာ စေတနာ (၇)မျိုး ဖြစ်ပါတယ်။

ပထမဦးဆုံးဖြစ်သော “ဇော” မှာပါတဲ့ “စေတနာ” အရှိန်အလွန်ကောင်းတယ်ဆိုရင် . . . သူကပေးရမယ့်အကျိုးဟာ “ပစ္စုပ္ပန်ဘဝ” မှာပဲ ပေးရပါတယ်။ အဲဒါဟာ . . . “အချိန်” ကို သတ်မှတ်ပေးတဲ့ “နည်းပညာ” ဖြစ်ပါတယ်။ “ကမ္မ” နှင့် “ဝိပါက” တို့ဆက်သွယ်ရာတွင် “အချိန်ကာလ” ၏အနှေး . . . အမြန် . . . ဖြစ်ပုံကို သိဖို့ဖြစ်ပါတယ်။

ပစ္စုပ္ပန်ဘဝမှာ အကျိုးပေးသော “ကံစွမ်းအား” သည် “ပထမဇောစေတနာ” က ပေးတာ ဖြစ်ပါတယ်။

အဲဒီလိုပဲ . . . နောက်ဆုံးမှာဖြစ်တဲ့ “ဇော” ကို “သတ္တမဇောစေတနာ” လို့ ခေါ်ပါတယ်။ သူကအားကောင်းရင် . . . ကပ်ရက် . . . “ဒုတိယအနာဂတ်ဘဝ” မှာ အကျိုးပေးပါတယ်။ ထို့အတူ . . . ဒုတိယဇော . . . ကနေ ဆဋ္ဌမဇော. . . အထိ. . . ဖြစ်သော အလယ်ဇော (၅) ချက်ရဲ့အားက . . . အနာဂတ် တတိယဘဝ . . . စတုတ္ထဘဝ . . . တွေကျမှ အကျိုးပေးပါမယ်။

အဲဒါဟာ . . . “ကမ္မ” နဲ့ “ဝိပါက” . . . “ကံ” နှင့် “ကံ၏အကျိုး” . . . တို့ ဘယ်လို အချိန်ကာလပိုင်းခြားပြီး . . . ဖြစ်ပေါ်တယ်ဆိုတာကို . . . သိဖို့ဖြစ်ပါတယ်။

အဲဒီတော့ . . . ဒီအဆောက်အအုံ (ခန္ဓာငါးပါး)ကြီးထဲမှာ ဒီကံတွေအမျိုးမျိုးက စုဝေးနေပါတယ်။ သူ့ကံနဲ့သူ့အကျိုးကို ဆက်သွယ်ပြီး အလုပ်လုပ်နေတာကို . . . စဉ်းစား



“ဒေသနာ” မှာသာရှိသော “ပညာ” ဖြစ်ပါတယ်။ ဒီပညာမျိုးကို ဒီလိုသေသေချာချာ သင်ယူမှတတ်ပါတယ်။

ဒီပညာကိုတတ်မှ “ကမ္မသကတာသမ္မာဒိဋ္ဌိ” ရနိုင်ပါတယ်။ အဲဒီမှာ ရုပ်-နာမ် (၂)ပါး နှင့် “ကံစွမ်းအား” တို့ ရှိနေပါတယ်။ အခု . . . ဒီဘက်က သုံးစွဲနေတဲ့ သဘောတွေ . . . “ဇနကကံ” “ဥပတ္ထမ္ဘကကံ” “ဥပပီဠကကံ” တို့ဟာ ရှိပြီးသား “ကံစွမ်းအား” တွေကို “သုံးစွဲနေတာ” ဖြစ်ပါတယ်။

ထောက်ပံ့နေတာတွေက . . . မနောကံ၊ ဝစီကံ၊ ကာယကံ တို့ဖြစ်ပါတယ်။ အဲဒီ သုံးပါးတို့၏ထောက်ပံ့ပံ့သဘော . . . အဲဒီဘာသာဝတရားတွေ . . . အကြောင်းတရားဖြစ်သော . . . ကံနှင့်အကျိုးဝိပါကတို့ ဆက်သွယ်နေတဲ့ အခြေအနေတွေကိုလည်း သိထားဖို့လိုပါတယ်။

အခု “ကံစွမ်းအား” တွေထုတ်နေတာ . . . “ကာယကံ” “ဝစီကံ” “မနောကံ” တွေနဲ့ အလုပ်လုပ်ပြီး ထုတ်ပေးနေရာမှာ “မနောကံ” အဓိကဖြစ်ပါတယ်။

မနောသည်ပင်လျှင် “ရှေ့ဆောင်” . . .

မနောသည်ပင်လျှင် “အကြီးအကဲ” . . .

မနောသည်ပင်လျှင် “အရာရာကို ဖန်တီးသည်” . . . ဆိုသော အချက် (၃) နှင့် ပြည့်စုံသော “မနောကံ” ဖြစ်ပါတယ်။

အခုနားလည်အောင်ပြောရမယ်ဆိုရင် . . . ကမ္မတွေထုတ်တဲ့စက်ကို “ကမ္မဝဋ်” လို့ ခေါ်ပါတယ်။

“ကမ္မဝဋ်” က အလုပ်တွေလုပ်နိုင်အောင် အားပေးနေတာက . . . “ကိလေသဝဋ်” ဖြစ်ပါတယ်။ အဲဒီ “ကိလေသဝဋ်” အလုပ်လုပ်နိုင်အောင် အထောက်အပံ့ပေးနေတာက “ဝိပါကဝဋ်” ဖြစ်ပါတယ်။ အဲဒီသုံးခု အလုပ်လုပ်နေပါတယ်။

ဒီဝိပါကစက်လည်အောင်လုပ်တဲ့အထဲမှာ "စေတနာ" ပါပါတယ်။ "ကိလေသဝဋ္ဋ" လည်တဲ့အထဲမှာလည်း "စေတနာ" ပါပါတယ်။ "ကမ္မဝဋ္ဋ" အလုပ်လုပ်တဲ့အထဲမှာလည်း "စေတနာ" ပါရပါတယ်။ "စေတနာ" ဆိုတဲ့ နာမ်စွမ်းအားဟာ . . . စက်သုံးခုစလုံးလည်အောင် ဆောင်ရွက်ပါတယ်။ သို့သော် . . . စက်တစ်ခုစီမှာ "စေတနာစွမ်းအား" . . . ရှိပါတယ်။ "စေတနာစွမ်းအား" နဲ့ လှည့်လိုက်တော့မှ စက်လည်ပါတယ်။

ဝိပါကစက်က စပြီးလည်မှ နောက်ကစက် (၂)ခုက လိုက်လည်ပါတယ်။ သို့သော် မော်တော်ကားကို မနက်ကျရင် စက်နှိုးလိုက်တယ်။ စက်နိုးရုံနိုးပြီး စက်လည်တာဟာ . . . "ဝိပါကစက်" နဲ့ သဘောတူပါတယ်။ လီဗာ (LEVER) မြှင့်လိုလို့ စက်ရှိန်တက်လာတာဟာ . . . "ကိလေသစက်" နဲ့ တူပါတယ်။ မော်တော်ကားကို ဂီယာ (GEAR) သွင်းပြီး လမ်းပေါ်မှာမောင်းတဲ့ ကိစ္စဟာ . . . "ကမ္မစက်" နဲ့ တူပါတယ်။

တစ်ခုနဲ့တစ်ခု . . . "အရှိန်" ခြင်းကွာပါတယ်။ ဒီလို "စေတနာ" နဲ့အလုပ်လုပ်တာကိုတော့ "သင်္ခါရ" လို့ ခေါ်ပါတယ်။ သူက "အရှိန်" တက်လာတော့ "အဘိသင်္ခါရ" လို့ ခေါ်ပါတယ်။ လမ်းပေါ်မှာ ကားမောင်းသွားတာကျတော့ "ကမ္မပထ" လို့ ခေါ်ပါတယ်။

"စေတနာ" တွေနဲ့အလုပ်လုပ်သော်လည်း . . . "စေတနာ" ၏ "အရှိန်" တွေဟာ . . . တစ်ဆင့်ထက်တစ်ဆင့် တက်လာရပါတယ်။ အဲဒီလို "စေတနာ" ရဲ့ အဆင့်ဆင့် အလုပ်လုပ်တာကို . . . အခုလို ပြောပါမယ်။

"စေတနာသင်္ခါရ"

"စေတနာ အဘိသင်္ခါရ"

"စေတနာ ကမ္မပထ" . . . ဖြစ်ပါတယ်။



"ကမ္မဝဋ္ဋ" . . . လည်ပုံ။ "ကမ္မ" နဲ့ "ဝိပါက" တို့ ဆက်သွယ်ပုံများကို စဉ်းစားပါ။ "ကမ္မ" ဖြစ်လာအောင်အလုပ်လုပ်တဲ့အခါ . . . "မနောကံ" တွေ ဖြစ်ပါတယ်။ အဲဒီမနောကံတွေက . . . ကြိုက်တာတွေလည်းဖြစ်တယ်။ မကြိုက်တာတွေလည်းဖြစ်တယ်။ သဒ္ဓါတရားတွေလည်း ဖြစ်တယ်။ ကောင်းတဲ့အလုပ်တွေလည်းလုပ်တယ်။ မကောင်းတဲ့အလုပ်တွေလည်းလုပ်တယ်။ ဘာပဲလုပ်လုပ် "စေတနာ" နဲ့ လုပ်ရပါတယ်။

"စေတနာ" ရဲ့အရှိန်အနိမ့်အမြင့်လည်းရှိပါတယ်။ အဲဒီလို အလုပ်လုပ်တဲ့"စိတ်"ကို "ဇောစိတ်" လို့ ခေါ်ပါတယ်။ အလုပ်တစ်ခုလုပ်လို့ရှိရင် . . . "ဇောစိတ်" . . . (၇)ကြိမ် လုပ်ရပါတယ်။ အဲဒီ "ဇော" တွေမှာ . . . ပထမဇော၊ ဒုတိယဇော၊ တတိယဇော၊ စတုတ္ထဇော၊ ပဉ္စမဇော၊ ဆဋ္ဌမဇော၊ သတ္တမဇော . . . ဟူ၍ ဇော (၇)ကြိမ် ရှိပါတယ်။

ဒီ "ဇော" တွေဟာ "စေတနာ" နဲ့ အလုပ်လုပ်ရပါတယ်။ ပထမဇောစေတနာမှ . . . သတ္တမဇောစေတနာ . . . တို့ဟာ . . . စွမ်းအားထုတ်တဲ့ သဘာဝဓါတ်ဖြစ်ပါတယ်။ အဲဒီမှာ အလုပ်လုပ်တဲ့ အကြိမ် (၇)ခုရှိပါတယ်။ ဇော (၇)ကြိမ်လို့ ပြောပါတယ်။

ပထမဦးဆုံးဖြစ်တဲ့ ဇော . . . စေတနာကို . . . "ပထမဇောစေတနာ" လို့ ခေါ်ပါတယ်။ ပထမဇောစေတနာနဲ့ ဦးဆောင်ပြီးထုတ်လိုက်တဲ့ "ကံစွမ်းအား" တွေ အားကောင်းရင် . . . အခုပစ္စုပ္ပန်ဘဝမှာ . . . အကျိုးပေးပါမယ်။ နောက်ဆုံးဟာက "သတ္တမဇောစေတနာ" ဖြစ်ပါတယ်။ သူအားကောင်းရင် . . . "ဒုတိယဘဝ" မှာ အကျိုးပေးပါမယ်။

ဇော (၇)ခုတွင် ခလယ်ခေါင်က ဇော (၅)ခုရှိပါသေးတယ်။ သူ့ကိုအလယ်ဇော (၅)ခုလို့ ပြောပါတယ်။ အဲဒီအလယ်ဇော (၅)ခုရဲ့စွမ်းအားတွေက . . . အနာဂတ်ဖြစ်သော တတိယဘဝ . . . စတုတ္ထဘဝ . . . ပဉ္စမဘဝ . . . အဆက်ဆက်မှာလိုက်ပြီး အားပေးပါမယ်။

တတိယဘဝမှာ အကျိုးပေးမယ့် ကံကဒီပစ္စုပ္ပန်နဲ့လာတိုက်ဆိုင်တော့ . . . ပစ္စုပ္ပန်မှာ အကျိုးပေးတဲ့ “ကံ” ဖြစ်လာပါတယ်။ ပစ္စုပ္ပန်မှာရှိနေသော “ကံ” အဆောက်အအုံကြီးထဲမှာ . . . ပစ္စုပ္ပန်ကတွေလည်းရှိတယ်၊ “ကပ်ရက်” “ဘဝတွေ” က ကံတွေလည်းရှိပါတယ်။

လူတစ်ယောက်မှာ ဝန်းရံနေတဲ့ “ကံစွမ်းအား” အဆောက်အအုံကြီးဟာ . . . စုဝေးနေတဲ့ “ကံ” တွေဟာ . . . ပစ္စုပ္ပန်ဘဝမှာလုပ်ထားတဲ့ “ကံစွမ်းအား” တွေလည်းရှိတယ်။ အတိတ်ကပ်ရက် ဒုတိယဘဝကလုပ်ထားတဲ့ “ကံစွမ်းအား” တွေလည်း ရှိတယ်။ ဟို . . . အတိတ်ဘဝ . . . ဘဝ . . . တွေကလုပ်ခဲ့တဲ့ “ကံစွမ်းအား” တွေလည်း ရှိပါတယ်။ သူတို့အားလုံးဟာ . . . ခန္ဓာငါးပါးမှာပဲ ဝန်းရံနေပါတယ်။

ပစ္စုပ္ပန်မှာ အကျိုးပေးမယ့်ကံများက . . . အကျိုးပေးပြီးပါပြီ။ သို့သော် သူတို့ထဲမှာပဲ . . . ဒုတိယဘဝမှာ အကျိုးပေးမယ့်ကံများက . . . နောက် . . . ဒီကိုယ်ခန္ဓာသေသွားပြီးမှ ဒုတိယဘဝကျမှ အကျိုးပေးပါတယ်။ ပြီးတော့ . . . နောက်တတိယဘဝကျမှ အကျိုးပေးမယ့် ကံတွေလည်းရှိပါတယ်။ တည်ဆောက်ပုံကိုသိဖို့ လိုပါတယ်။

ပစ္စုပ္ပန်မှာရှိတဲ့ ကံအဆောက်အအုံကြီးဆိုတာဟာ . . . အတိတ်ဘဝ . . . ဘဝက . . . ပြုခဲ့သောကံတွေ၊ ကပ်ရက်ဘဝကပြုခဲ့သောကံတွေ၊ ပစ္စုပ္ပန်မှာပြုထားတဲ့ကံတွေ . . . အားလုံးစုဝေးနေတာဖြစ်ပါတယ်။

သူတို့က အလှည့်ကျရာ . . . ပစ္စုပ္ပန်မှာ အကျိုးပေးမယ့်ကံတွေက . . . ဒီဘဝမှာပဲ အကျိုးပေးပါမယ်။ မပေးနိုင်တဲ့ဟာတွေက ဒုတိယဘဝကျမှ ဆက်ပေးပါမယ်။ အနာဂတ် ဒုတိယဘဝမှာဆက်ပေးမယ်။ အနာဂတ်တတိယ . . . စတုတ္ထ ဘဝတွေကျမှ ဆက်ပေးပါမယ်။ အဲဒီသဘောကို သေသေချာချာစဉ်းစားရပါမယ်။



ကမ္မစက်မှာ အလုပ်လုပ်တော့ “ကံစွမ်းအား” တွေ ထွက်လာပါတယ်။ “ကမ္မသတ္တိ” လို့လည်းခေါ်ပါတယ်။ ဒီ “ကမ္မသတ္တိ” တွေဟာ . . . “ခန္ဓာငါးပါး” မှာပဲ စုဝေးနေပါတယ်။ ဒီလို စုဝေးနေတာဟာ . . . “ဗက်ထရီ” အိုးထဲမှာ လျှပ်စစ်အားတွေ စုဝေးနေတဲ့သဘောနဲ့ တူပါတယ်။ အဲဒီလို စုဝေးတဲ့သဘောကို “ACCUMULATION” လို့ ခေါ်ပါတယ်။

လျှပ်စစ်အားထိန်းသိမ်းထားတဲ့ ဗက်ထရီအိုးကြီးကို . . . “ACCUMULATOR” လို့ ခေါ်ပါတယ်။

ဒီခန္ဓာငါးပါးက . . . “ဗက်ထရီ” အိုးနဲ့ တူပါတယ်။ ဒီ “ကံစွမ်းအား” တွေက လျှပ်စစ်အားတွေနဲ့ တူပါတယ်။ အဲဒီသဘောကို ဉာဏ်နဲ့ဆင်ခြင်ကြည့်ဖို့ လိုပါတယ်။ ဒီတော့ ဖြစ်ပေါ်လာတဲ့ စေတနာအဆင့်ဆင့်ဟာ . . .

“စေတနာသင်္ခါရ”

“စေတနာအဘိသင်္ခါရ”

“စေတနာကမ္မပထ” . . . တို့ဖြစ်ကြပြီး

“စေတနာကမ္မပထ” ကြောင့် “ကမ္မစက်” လည်တဲ့အခါ . . . “ကမ္မသတ္တိ” တွေက ထွက်ပေါ်လာရပါတယ်။ “ကိလေသဝဋ္ဋ” က “ကမ္မသတ္တိ” ထွက်ပေါ်နိုင်အောင် . . . “အားမြှင့်ပေးတယ်”။ “အခိပ္ပာယ်ဖော်ပေးတယ်”။

“ကိလေသဝဋ္ဋ” မှာရှိတဲ့ “စေတနာ” က အလုပ်လုပ်ပေးတာပါ။ အလုပ်လုပ်တော့ . . . “အဘိသင်္ခါရ” ဖြစ်လာပါတယ်။

အဲဒီသဘောတွေမှာ . . . “ဝိပါကဝဋ္ဋ” ကတော့ . . . “ကံစွမ်းအား” ကြောင့် ထွက်ပေါ်လာသော “အကျိုးသက်သက်” ပဲ ဖြစ်ပါတယ်။ ဒီလို အကျိုးသက်သက်ပဲလုပ်တဲ့ “ဝိပါကစက်” က “ကံစွမ်းအား” မထုတ်နိုင်ပါဘူး။ သူကိုယ်တိုင်က “ကံစွမ်းအား” ကြောင့်

လည်ရတဲ့စက်ဖြစ်ခြင်းကြောင့် သူကထပ်၍ "ကံစွမ်းအား" မထုတ်နိုင်ပါဘူး။ အဲဒီလို ကံစွမ်းအား မထုတ်တာကို "အဗျာကတ" လို့ ခေါ်ပါတယ်။ စက်နံမည်က "ဝိပါက" ဖြစ်ခြင်း ကြောင့် . . . သူ့ကို . . . "ဝိပါကအဗျာကတ" လို့ ခေါ်လိုက်ပါတယ်။

"ကမ္မ" ဆိုတဲ့အလုပ်တွေမှာ . . . "မနောကမ္မ" "ဝစီကမ္မ" "ကာယကမ္မ" . . . သုံးမျိုး ဖြစ်ရာမှာ . . . "မနောကမ္မ" က ရှေ့ဆောင်ပြီး အလုပ်လုပ်ပါတယ်။ "မနောကမ္မ" ခေါ်တဲ့ စိတ်ထဲက အလုပ်တွေလုပ်တော့ . . . အဲဒီစိတ်ထဲမှာ . . . "စေတနာ" ပါရပါတယ်။ သူက အလုပ်ဖြစ်အောင်လုပ်လို့ "ကမ္မပထ" မြောက်ပါတယ်။ အဲဒီ "မနောကမ္မ" ရဲ့ အရှိန်ကြောင့် နောက်ထပ် "ဝစီကမ္မ" လည်းဖြစ်ပါတယ်။ "ကာယကမ္မ" လည်းဖြစ်ပါတယ်။

"ကာယကမ္မ" မှာလည်း "စေတနာ" ပါတယ်၊ "ဝစီကမ္မ" မှာလည်း စေတနာပါပါတယ်။ အဲဒီ "စေတနာ" တွေနဲ့လုပ်လိုက်တာနဲ့ "ကမ္မသတ္တိ" တွေ ထွက်လာပါတယ်။ ဗမာလို ပြောရင် "ကံစွမ်းအား" ထွက်ပါတယ်။ အဲဒီ "ကံစွမ်းအား" ကြီးဟာ ဒီခန္ဓာငါးပါးမှာ အမြဲတမ်းစုဝေး နေပါတယ်။

ဒီခန္ဓာငါးပါး၊ ရုပ်နာမ် (၂)ပါးက ဒီ "ကံစွမ်းအား" ကြီးကို အမြဲတမ်းဖြည့်ပေးနေပါတယ်။ ရုပ်ဇီဝ၊ နာမ်ဇီဝ ရပြီးလို့ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ (၂)ပါး ထင်ထင်ရှားရှား ဖြစ်ပေါ်ပြီးတော့ . . . "မနောကမ္မ" "ဝစီကမ္မ" "ကာယကမ္မ" ဆိုတဲ့ အလုပ်တွေလုပ်တိုင်း "ကံစွမ်းအား" တွေ ထွက် နေပါတယ်။ ထွက်သမျှသော အားတွေဟာ ဒီခန္ဓာငါးပါးမှာပဲ စုဝေးနေပါတယ်။

အဲဒီ ကံအဆောက်အအုံကြီးက အမြဲတမ်းစွမ်းအားတွေ တက်နေပါတယ်။ အဲဒီ စွမ်းအားတွေကပဲ "ကြားစိတ်" . . . "မြင်စိတ်" ဖြစ်အောင် လုပ်ပေးပါတယ်။ "မျက်စိ" ကောင်းအောင် "နား" ကောင်းအောင် လုပ်ပေးပါတယ်။ ပစ္စည်းပေါ်အောင်၊ အခြံအရံပေါ် အောင် လုပ်ပေးနေပါတယ်။ ဒီခန္ဓာငါးပါးကို . . . စီစဉ်အုပ်ချုပ်နေတာဟာ . . . တကယ် တော့ . . . ဒီ "ကမ္မ" ပဲ ဖြစ်ပါတယ်။



အဲဒါဟာ . . . ပစ္စုပ္ပန်မှာလုပ်ထားတဲ့ . . . "ကံ" တွေ၏ အနေအထားပဲ ဖြစ်ပါတယ်။

ပစ္စုပ္ပန်မှာလုပ်ပေမယ့် . . . ပစ္စုပ္ပန်မှာ အကျိုးပေးမယ့်ကံ ။

ပစ္စုပ္ပန်မှာလုပ်ပေမယ့် . . . ဒုတိယဘဝမှာပေးမယ့်ကံ ။

ပစ္စုပ္ပန်မှာလုပ်ပေမယ့် . . . တတိယ . . . စတုတ္ထ ဘဝတွေကျမှပေးမယ့်ကံ ။

စသည်တို့ဟာ . . . ဒီခန္ဓာငါးပါးမှာပဲ ဝန်းရံနေကြပါတယ်။ ဒီဘဝကိုမရောက်ခင် . . . အတိတ်က "ကပ်ရက်ဘဝ" ဆိုတာရှိပါတယ်။ အဲဒီတုံးက ပြုခဲ့တဲ့ "ကံ" တွေလည်း ရှိပါတယ်။ အဲဒီဘဝမှာတုံးက . . . သူ့ဘဝနဲ့သူ . . . ပစ္စုပ္ပန်မှာ အကျိုးပေးရန်ရှိတဲ့ "ကံ" တွေက အကျိုး ပေးပြီးပါပြီ။

ဒုတိယဘဝမှာ အကျိုးပေးမယ့်ကံတွေက ကျန်နေပါသေးတယ်။ အဲဒီကံတွေကလည်း ဒီခန္ဓာငါးပါးမှာပဲရှိနေပါတယ်။ ဒုတိယဘဝမှာအကျိုးပေးရမယ့် "ကံ" က အခု ဒီဘဝပစ္စုပ္ပန် မှာ လာအကျိုးပေးရပါတယ်။

ပစ္စုပ္ပန်ဘဝမှာအခုအကျိုးပေးတယ်ဆိုတာဟာ . . . ပစ္စုပ္ပန်ဘဝမှာလုပ်ထားတဲ့ "ကံစွမ်းအား" ကြောင့် အကျိုးပေးတာတစ်မျိုး၊ ကပ်ရက်ဒုတိယဘဝကလုပ်ခဲ့တဲ့ . . . စွမ်းအား ကြောင့် ဒီဘဝမှာအကျိုးပေးတာလည်း ရှိပါတယ်။ အဲဒီအားတွေက ဒီထဲမှာ (ခန္ဓာငါးပါး) ပဲ စုနေပါတယ်။ ဒုတိယဘဝက လုပ်ခဲ့တဲ့အားတွေကလည်း ဒီထဲမှာပဲ စုနေပါတယ်။

အဲဒီတော့ . . . အတိတ်ဘဝနဲ့ ကပ်ရက်နောက်ဘဝတွေလည်း ရှိပါသေးတယ်။ အဲဒီ နောက်နောက်ဘဝတွေတုံးက ပြုခဲ့တဲ့ ကံတွေလည်းရှိပါသေးတယ်။ သူကလည်း သူ့ပစ္စုပ္ပန် မှာ အကျိုးပေးတယ်။ သူရဲ့ ဒုတိယဘဝမှာအကျိုးပေးတယ်။ သူရဲ့တတိယမှာ အကျိုးပေးတယ်။

"အကျိုး" ပေးတာကိုတော့ "ဝိပါက" လို့ ခေါ်ပါတယ်။ "ကမ္မ" နဲ့ "ဝိပါက" (၂)ခုဟာ ဆက်သွယ်နေပါတယ်။

ဒီမှာ . . . "ကမ္မ" က . . . "ဝိပါက" တွေကို ထုတ်ပေးတယ်။ သို့သော် ဒီ "ကံ" ရဲ့ အနေအထားက . . . "စေတနာ" တွေလုပ်တုန်းကရှိခဲ့တဲ့ အရှိန်အမျိုးမျိုးပေါ်မှာ တည်ပါတယ်။

အခု "ကမ္မ" က ပစ္စုပ္ပန်ဘဝမှာပဲ လုပ်ပါတယ်။ အကျိုး "ဝိပါက" ကလည်း ပစ္စုပ္ပန်ဘဝမှာပဲ အကျိုးပေးပါတယ်။ အဲဒါကလည်း . . . တစ်မျိုးပါ။

အခု ပစ္စုပ္ပန်ဘဝမှာပဲလုပ်တဲ့ "ကံစွမ်းအား" က ဒီဘဝမှာ အကျိုးမပေးပါဘူး။ ဒုတိယဘဝကျမှ အကျိုးပေးစေတဲ့ "ကံ" လည်းရှိပါသေးတယ်။

ဒီတော့ . . . ပစ္စုပ္ပန်မှာလုပ်ထားတဲ့ "ကံ" က ဒီဘဝမှာအကျိုးပေးတာရှိတယ်။ ဒုတိယဘဝကျမှ အကျိုးပေးတာလည်းရှိပါတယ်။ နောက်တစ်ခါ . . . ဒုတိယဘဝမှာတောင် အကျိုးမပေးသေးပဲ . . . "တတိယ" "စတုတ္ထ" . . . "ပဉ္စမ" ဘဝတွေကျမှ အကျိုးပေးမယ့် "ကံ" လည်း ရှိပါတယ်။

ဒါဟာ . . . ပစ္စုပ္ပန်ဘဝမှာ လုပ်ထားတဲ့ "ကံစွမ်းအား" ပါပဲ . . . အကျိုးပေးမှာကျတော့ . . . ဒုတိယဘဝကျမှပေးမှာလည်းရှိတယ် . . . တတိယဘဝမှ . . . နောက်နောက်ဘဝတွေကျမှ အကျိုးပေးတာလည်းရှိနေပါတယ်။ ကံစွမ်းအားချင်း မတူကြပါဘူး။ မတူသော်လည်း ဒီစွမ်းအားများဟာ ဒီထဲမှာပဲ (ခန္ဓာငါးပါးမှာ) ရှိနေကြပါတယ်။ ဒုတိယဘဝကျမှ အကျိုးပေးမယ့် "ကံ" ကလည်း ဒီထဲမှာ (ခန္ဓာငါးပါးမှာ) ပဲ ရှိနေပါတယ်။ တတိယဘဝကျမှ အကျိုးပေးမယ့် "ကံ" ကလည်း ဒီထဲမှာ (ခန္ဓာငါးပါးမှာ) ပဲ ရှိနေပါတယ်။



အဲဒါကြောင့်မို့လို့ . . . သူ့ကို . . . "ကမ္မသကတာ" လို့ ခေါ်ပါတယ်။

ကံ . . . က ခန္ဓာငါးပါးကို အုပ်ချုပ်နေတာဖြစ်ပါတယ်။ အဲဒီလို အုပ်ချုပ်နေတာမှန်း သိတဲ့အယူဝါဒကို . . . "သမ္မာဒိဋ္ဌိ" လို့ ခေါ်ပါတယ်။ နာမည်အပြည့်အစုံပြောရရင် . . . "ကမ္မသကတာသမ္မာဒိဋ္ဌိ" ဖြစ်ပါတယ်။

ဟောဒီမှာ . . . စက်လည်ရုံလုပ်ရင်တော့ "ကံစွမ်းအား" မထွက်ပါ။ ဒါကြောင့် "အဗျာကတ" လို့ ခေါ်ပါတယ်။ ဒါက "ဝိပါကဝဋ်" ရဲ့သဘောပါ။

"ကိလေသဝဋ်" ရောက်လာတော့ "စွမ်းအား" က အထိုက်အသင့်ထွက်လာပါပြီ။ ဒီစက်ကအားပေးမှ "ကမ္မဝဋ်" က ဖြစ်မှာပါ။ အာပေးတယ်ဆိုတာမှာ . . . "မြင်တဲ့အဆင်းရူပါရုံ" ကို . . . အားမြှင့်ပေးရုံတင်မကဘူး . . . ပြောင်းလဲပေးတာလည်းလုပ်ရတယ်။ ပြောင်းလဲပေးပုံက . . .

မြင်တာက . . . အရုပ်ကားကိုမြင်တာပါ။ "ကိလေသဝဋ်" ထဲရောက်လာတော့ "ပုဂ္ဂိုလ်" . . . "သတ္တဝါ" ဆိုပြီး အသက်ဝင်လာပါတယ်။ ဒီလိုဖြစ်အောင် ဘယ်လိုလုပ်တာလဲ ဆိုတော့ . . . သိတတ်တဲ့အရွယ်ကတည်းက ထပ်ကာ . . . ထပ်ကာ . . . မှတ်လာတဲ့ "အသိတွေ" ထဲမှာ . . . "လူ" "ပုဂ္ဂိုလ်" "သူ" "ငါ" "မောင်ဖြူ" "မညို" ဆိုပြီး စွဲမှတ်လာခဲ့တဲ့ အတွက် . . . အဲဒီအစွဲက အခုမြင်ရတဲ့ "အရုပ်ကား" ကို "ပုဂ္ဂိုလ်" ဖြစ်လာအောင် ပြောင်းလဲပေးလိုက်ပါတယ်။ ပြီးတော့ "အရှိန်မြှင့်" ပေးပါတယ်။

အရှိန်မြှင့်တာကိုတော့ "အဘိသင်္ခါရ" လို့ ခေါ်ပါတယ်။ "စေတနာ" က လုပ်ပေးတာ ဖြစ်ပါတယ်။

အဲဒီလို အရှိန်မြှင့်ပြီး၊ "ပုဂ္ဂိုလ်" . . . "သတ္တဝါ" လို့ သိပြီဆိုတော့မှ . . . "ချစ်တယ်" လို့ လုပ်တယ်။ "မုန်းတယ်" လို့ လုပ်ပါတယ်။ "ကြိုက်တယ်" . . . "မကြိုက်"ဘူး . . .

လုပ်လာပါတယ်။ အဲဒီလိုလုပ်တာကိုတော့ "ကမ္မ" လို့ ခေါ်ပါတယ်။ အဲဒီစက်ကြီးလည်တာကို "ကမ္မဝဋ်" လို့ ပြောပါတယ်။ အဲဒီလို လုပ်တာဟာလည်း "စေတနာ" ပါပဲ။ သူရဲ့အဆင့်က "ကမ္မပထ" အဆင့်ဖြစ်လာတာကြောင့် "ကမ္မသတ္တိ" ခေါ်တဲ့ "ကံစွမ်းအား" တွေ ထွက်ပါတယ်။ သူတို့ဟာ ဒီခန္ဓာငါးပါးမှာပဲ စုဝေးနေကြပါတယ်။ အမြဲတမ်း "ကံစွမ်းအား" တွေက တိုးတက်နေတယ်၊ စုဝေးနေပါတယ်။

အခု . . . ဒီ ဝဋ် (၂)ပါးထက် . . . "ကမ္မဝဋ်" လည်တာကိုသိအောင် လုပ်ရပါမယ်။ အခု . . . အကျိုး"ဝိပါတ်" တွေဟာ ပစ္စုပ္ပန်ဘဝမှာ ခံစားနေရတဲ့ အကျိုးတွေဖြစ်ပါတယ်။ အဲဒီအကျိုးတွေ ထွက်ပေါ်လာအောင် "ကံစွမ်းအား" အဖွဲ့ကြီး တစ်နည်းအားဖြင့် "ကမ္မစက်" က လုပ်ပေးနေတာဖြစ်ပါတယ်။ "စေတနာ" က "ကမ္မပထ" မြောက်အောင် လုပ်ပေးမှ "ကံစွမ်းအား" က ထွက်ပါတယ်။ အဲဒီမှာ "စက်သဘော" ကို သေသေချာချာနားလည်အောင် စဉ်းစားဖို့ လိုပါတယ်။

မော်တော်ကား . . . ဥပမာနဲ့ ပြောကြည့်ပါမယ်။ မော်တော်ကားမှာ "အင်ဂျင်" ပါတယ်။ အဲဒီ "အင်ဂျင်" ကို နှိုးလိုက်လို့ လည်ရုံလည်တာက တကဏ္ဍပါ။ "လီဗာ" နင်းလိုက်လို့ "အရှိန်" တက်လာတာက တကဏ္ဍဖြစ်ပါတယ်။ "ဂီယာ"ထိုးပြီး ကားကို လမ်းပေါ်မှာ မောင်းလိုက်တာက တကဏ္ဍပါ။

လမ်းပေါ်မှာ တစ်နာရီ (၁၀)မိုင် မောင်းတယ်။ (၂၀)မိုင်မောင်းတယ်။ (၃၀) . . . (၄၀)မိုင်မောင်းတယ်။ အဲဒီလို မောင်းတဲ့အခါ တစ်ဆင့်နဲ့တစ်ဆင့် တူပါရဲ့လား။ မတူပါဘူး။ အဲဒါဟာ . . . "ကမ္မဝဋ်" မှာ လုပ်နေတာဖြစ်ပါတယ်။ အဲဒီ "ကမ္မပထ" တွေက တစ်ခုနဲ့တစ်ခု မတူပါဘူး။ "အရှိန်" ချင်းမတူပါဘူး။ မြန်နှုန်းမတူရင် . . . "အရှိန်" လည်း ပိုပြီးပြင်းပါတယ်။



မြန်မြန်မောင်းရင် . . . မြန်မြန်ရောက်ပါတယ်။ နှေးနှေးမောင်းရင် . . . ကြာမှ ရောက်ပါတယ်။ ဒါကြောင့် ခရီးပန်းတိုင်ရောက်ဖို့အတွက် "အချိန်ကာလ" ရှိပါတယ်။ အဲဒီအချိန်ကာလဟာ . . . မြန်မြန်မောင်းခြင်း နဲ့ နှေးနှေးမောင်းခြင်းအပေါ်မှာ တည်ပါတယ်။ မြန်မြန်မောင်းရင် . . . အရှိန်ပြင်းပါတယ်။ နှေးနှေးမောင်းရင် . . . အရှိန်နည်းပါတယ်။ အရှိန်နည်းတော့ . . . လိုတဲ့ပန်းတိုင်ကို နှေးနှေးရောက်ပါတယ်။ မြန်မြန်မောင်းရင် . . . မြန်မြန်ရောက်ပါတယ် . . . အဲဒီအဆက်ကလေးကို သေသေချာချာ စဉ်းစားရပါမယ်။

ပန်းတိုင်ရောက်တယ်ဆိုတာဟာ . . . "အကျိုးပေးတယ်" လို့ ပြောတာပါ။ အကျိုးပေးတဲ့အချိန်နဲ့ မောင်းတဲ့နှုန်းတို့ ဆက်သွယ်နေပါတယ်။ "ကံ" ပြုနေသောအချိန်မှာ "စေတနာ" နဲ့ အလုပ်လုပ်နေပါတယ်။ "စေတနာ" က ထုတ်လိုက်တဲ့ "အရှိန်" မြင့်ရင် . . . မြန်မြန် အကျိုးပေးပါတယ်။ "အရှိန်" နှေးရင် . . . နောက်မှ အကျိုးပေးပါတယ်။ အဲဒီ "အဆက်အသွယ်" ကို သေသေချာချာ စဉ်းစားပါ။

အလုပ်လုပ်တဲ့အခါမှာ . . . "စေတနာ" နှင့် အလုပ်လုပ်ပါတယ်။ သို့သော် . . . လုပ်နေသော စေတနာ . . . အရှိန် "အနိမ့်"၊ "အမြင့်" ပေါ်မှာတည်၍ အကျိုးကလည်း အနီး၊ အဝေး ဖြစ်ပေါ်လာပါတယ်။

အခု နေ . . . နေသော "ဘဝ" ကို "ပစ္စုပ္ပန်" လို့ ပြောပါတယ်။ ဒီတော့ အခုရှိနေတဲ့ "ကံ" အဆောက်အအုံကြီးကလည်း "ပစ္စုပ္ပန်" ပါပဲ။ အတိတ် "ဘဝ" လည်းရှိခဲ့တော့ . . . အဲဒီ "အတိတ်ဘဝ" တုန်းကလည်း "ကာယကံ" "ဝစီကံ" "မနောကံ" တွေလုပ်ခဲ့ပါတယ်။ အခု ပစ္စုပ္ပန်မှာလည်း . . . "ကာယကံ" "ဝစီကံ" "မနောကံ" တွေ လုပ်နေဆဲပါပဲ။ အဲဒီ ကံသုံးပါးလုပ်ခြင်းကြောင့် ထွက်ပေါ်လာသော . . . "ကံစွမ်းအား" ကို "ကမ္မသတ္တိ" လို့ ခေါ်ပါတယ်။

## အတ္တဒိဋ္ဌိ ... ရှိလျှင် ... အပါယ်ကျမည်

သဗ္ဗာနိ စ အပါယဂါမိနီကမ္မာနိ နာမ
အတ္တဒိဋ္ဌိ ယာ သတိယာ ဧဝ အာပဇ္ဇတိ ၊
အသတိယာ န အာပဇ္ဇတိ ။

သဗ္ဗာနိ စ ............ အလုံးစုံလည်းဖြစ်ကုန်သော

အပါယဂါမိနီကမ္မာနိ နာမ................ အပါယ်သို့လားစေသော

ကံတို့မည်သည်ကား

အတ္တဒိဋ္ဌိ ယာ ................ အတ္တဒိဋ္ဌိသည် (ဝါ) မိစ္ဆာဒိဋ္ဌိသည်

သတိယာ ဧဝ ................ ရှိမှသာလျှင်

အာပဇ္ဇတိ ................ ရောက်ရ၏။

အသတိယာ ................ အတ္တဒိဋ္ဌိမရှိခဲ့သော် ...

---

C D

# L

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ (ရန်ကုန်)

**ဆရာကြီး ဦးဌေးအောင်**
**(မဟာသဒ္ဓမ္မဇောတိကဓဇ)**
၏

# (၂၅) ကြိမ်မြောက် ဗုဒ္ဓဒေသနာသင်တန်း

မှ

**ဟောပြောချက်များ**

(၁၈) ကမ္မသကတာသမ္မာဒိဋ္ဌိ . . . ( ၂၇ - ၄ - ၂၀၀၇ )

(သင်တန်းသားများအတွက်သာ)

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့ (ရန်ကုန်) မှ ဖြန့်ချိသည်။

C D